၆။ အစားအစာကို ဇာမခဲ့ချင်ကြပါနဲ့

ဆရာတော် ။ ။ ရေစကြိုဆရာတော်ကြီးက “ငါရှင်တို့ ဖြစ်သလို စားကြ၊ အစားကို မခဲ့ချင်ကြပါနဲ့၊ ဆွမ်းစားပြီး လက်ဖက်ရည် မသောက်ကြနဲ့၊ အစားအသောက် ဟာခဲ့လို့ မဆုံးနိုင်ဘူး၊ တို့တစ်တွေ မန္တလေးရွှေမြို့တော် အရှေ့ပြင် တိုက်တော်မှာ စာသင်သားအဖြစ်နဲ့ နေခဲ့စဉ်က ဆွမ်းခံသွားတာ တစ်ခါတစ်ခါဟင်းလျာမရဘူး၊ အဲဒီတုန်းကဆို တစ်ချို့ရက်တွေမှာ ဆွမ်းကို ရေနဲ့မျိုချရတယ်၊ တစ်ခါတလေ စေ့းထဲသွားရပ်တော့ ချဉ်ပေါင်ရွက်စည်းကလေးများရတတ်တယ်၊ အဲဒီချဉ်ပေါင်ရွက်ရည်ကလေးကို ညှစ်ပြီး စားခဲ့ရသည်လည်း ရှိတာပဲ၊ အခုနေအခါ အဲဒီလောက် မရှားပါဘူးကွယ်”လို့ ဩဝါဒပေးတော်မူပြီး ဆရာတော်ကြီးကလည်း ပေးတဲ့ ဩဝါဒအတိုင်းပဲ တစ်သက်တာ နေတော်မူသွားတယ်။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။ တစ်ခါမှ မကြားဘူးတဲ့ ဩဝါဒပါဘုရား၊ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ သက်တော်ရှည် ရွှေဒါး
တောရ ဆရာတော်ကြီး
ကလည်း *"သင်္ခန်းစီးပြီး ရှင်ငယ်ဘဝကနေ ပို့
လွန်တော်မူသည့်တိုင်အောင် ညစာမဘုဉ်းပေးဘူး
ကြောင်းနှင့် ညစာစားတဲ့ အိပ်မက်တောင် မမြင်
မက်ဘူးကြောင်း"* မိန့်ကြားတော်မူဖူးပါသေးတယ်။
Dr. အောင်သူ ။ ။ သာဓု၊ သာဓု၊ သာဓု
ပါဘုရား။

ကျမ်းညွှန်း

* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၄)